### လိင်ပိုင်းဆိုင်ရာတွင် အခြောက်၊ မိန်းမရှာ၊ ယောက်ကျာ်းရှာ အပါအဝင် လိင်တူခြင်း ဆက်ဆံနေထိုင်သူများသည် အိုးအိမ်စနစ်တွင် ခွဲခြားကန့်သတ်ဆက်ဆံခံရမှုမှ အကာအကွယ်ပေးပါသလား။

လိင်ပိုင်းဆိုင်ရာ လှေ့လာသင်ယူမှု၊ လိင်ပိုင်းဆိုင်ရာ အမျိုးအစားကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ပြုပြင် ပြောင်းလဲ အစားထိုးမှုတို့အပေါ်တွင် မူတည်၍၊ ခွဲခြားကန့်သတ်ဆက်ဆံခြင်းသည် တရားမဝင်ပါ။ လိင်နှင့်ပတ်သက်၍၊ တရားမဝင် ခွဲခြားကန့်သတ်ဆက်ဆံခံရခြင်း ဥပမာမှာ၊ လိင်တူ လူနှစ်ဦး (အမျိုးသမီး နှစ်ဦး သို့မဟုတ် အမျိုးသားနှစ်ဦး) အားအိမ်ငှားရန် ငြင်းပယ်ခြင်း။ အဘယ်ကြောင့်ဆိုသော် အိမ်ရှင်အမြင်တွင်၊ လိင်တူလူနှစ်ဦးသည် အတူဆက်ဆံနေထိုင်ရန် မသင့်ဆိုသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း။

### ကျွန်ုပ်ကိုယ်ကျွန်ုပ်၊ အိုးအိမ်စနစ်ခွဲခြားကန့်သတ်ဆက်ဆံခြင်းမှ မည်ကဲ့သို့ ကာကွယ်မည်နည်း။

ငှားရမ်းမည့် နေရာသို့ သွားရောက်မလည်ပတ်မီ၊ အဆိုပါနေရာနှင့် ပတ်သက်၍၊ သတင်းအချက် အလက် (အမည်၊ နေ့စွဲ၊ လိပ်စာ၊ ငှားရမ်းမည့် ကာလ အပိုင်းအခြား၊ စပေါ်ငွေ စသည်တို့) ရနိုင်သလောက် ရယူကာ၊ ရေးမှတ်ထားပါ။ သင်ထိုနေရာသို့ သွားရောက်လည်ပတ်လျှင် မိတ်ဆွေ တစ်ယောက်အား သက်သေအဖြစ် ခေါ်သွားပါ။ ထိုနောက် သင့်အား လူကိုယ်တိုင် အိမ်ရှင်မှ ရှင်းပြ သော အချက်နှင့် ဖုံးထဲတွင် ပြောဆိုသော အချက်များကို နှိုင်းယှဉ်ပါ။ အကယ်၍၊ အဆိုပါအချက်များသည် ကွဲလွဲနေပါက၊ သင်သည်ခွဲခြားကန့်သတ် ဆက်ဆံခံရသည်ဟု သံသယ ရှိနိုင်ပါသည်။

### မည်သည့်လက္ခဏာများသည်၊ ခွဲခြားကန့်သတ်ဆက်ဆံခံရခြင်း ဖြစ်နိုင်ပါသလဲ။

- ငှားရမ်းရန် (သို့မဟုတ်) ရောင်းရန် ရှိသည် ဆိုင်းဘုတ်များအား ငှားရမ်းပြီး၊ ရောင်းပြီးသည် အထိ ဆက်လက် ကြော်ငြာထားခြင်း။
- အိမ်ရှင်မှ သင့်လျှောက်လွှာအား လက်ခံပြီး အချက်အလက်များ စီစစ်ဦးမည်ဟု ပြောကာ လုံးဝ မဆက်သွယ်လာတော့ခြင်း။
- အိမ်ရှင်မှ စပေါ်ငွေအား လက်ခံရန် ငြင်းဆန်ခြင်း (သို့မဟုတ်) များစွာသော စပေါ်ငွေ ပမာဏ လိုအပ်သည်ဟု ပြောဆိုခြင်း။
- သင့်အား အဆိုပါ အခန်းငှားရမ်းပြီးပြီဟု ပြောဆိုခြင်း။

### 50ခွဲခြား ကန့်သတ်ဆက်ဆံခံရခြင်း ဖြစ်နိုင်သော အခြားလက္ခဏာများ

- သင်ဖုံးခေါ်ပြီးသည့်နောက် အဆိုပါ အခန်းအား ကျွန်ုပ် (အိမ်ရှင်) ငှားရမ်းပြီးသွားပြီ။
- ရောင်းမည့်သူမှ အခန်း(သို့မဟုတ်) အိမ်အား ဈေးကွက်မှ ထုတ်ဖယ်သွားပြီ။
- သင့် (အိမ်ငှား သို့မဟုတ် အိမ်ဝယ်မည့်သူ) ကိုယ်ကို ဤအိမ်နီးနားခြင်းနှင့် အဆင်ပြေမည် ဟု ထင်ပါသလား။
- သင် အိမ် (သို့မဟုတ်) အခန်းကြည့်ဘို့ ကျွန်ုပ် (အိမ်ရှင်) တို့ အစီအစဉ် မလုပ်ပေးနိုင်ဘူး။
- ကြိုတင်ပြောထားသော ခန့်မှန်းချက်၊ ဈေးနှုံးများတွင် ပြဿနာရှိနေတယ်။
- ဒေါ်လာ သုံးသောင်းအောက်ကို ကျွန်ုပ်တို့ ပိုက်ဆံ မချေးဘူး။

### စာရွက်ပေါ်တွင် ဖေါ်ပြထားသော ကြော်ငြာချက်များတွင်လည်း၊ အိမ်ရှင်ဖြစ်သူမှ အိမ်ငှား (သို့မဟုတ်) အိမ်ဝယ်မည့်သူအား၊ ထိုသူလာရာ နိုင်ငံ သို့မဟုတ် လူမျိုးကို လိုက်၍၊ ခွဲခြားကန့်သတ် ဆက်ဆံသော အချက်များ ပြောဆိုနိုင်ပါသည်။ ဥပမာ-

- ကျွန်ုပ်တို့ အင်္ဂလိပ်စကားပြောသောသူကိုသာ ယူပါသည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့ သူတို့နှင့် ဆက်သွယ်၍ မရပါ။
- သင်သည် အမေရိကန် မဟုတ်သည့်အတွက် ကျွန်ုပ်တို့မှ အခြားသော အထောက် အထားများ ဆက်လက်ကြည့်ရပါဦးမည်။

### အကယ်၍၊ ကျွန်ုပ်သည် အိုးအိမ်စနစ်တွင် ခွဲခြားကန့်သတ်ဆက်ဆံခံရခြင်း၏ သားကောင်ဖြစ်သည်ဟု၊ ထင်မြင်ယူဆပါက၊ ကျွန်ုပ်ဘာလုပ်သင်ပါသလဲ။

သင် မက်ထရို(မြို့ပြဆိုင်ရာ) ဌာနသို့ ဖုံးခေါ်နိုင်ပါသည်။ မြို့ပြဆိုင်ရာ လူသားချင်းဆက်ဆံရေး ကော်မရှင်မှ သင်၏အခြေအနေအား ဆွေးနွေးပါလိမ့်မည်။ သင်သည် သင်၏ အခွင့်အရေးများကို နားလည်ထားရန် လိုအပ်ပါသည်။ အကယ်၍ သင်သည် ပုံမှန်တိုင်တန်းချက် တင်သွင်းလိုပါက ကျွန်ုပ်တို့ ကူညီနိုင်ပါသည်။

### သင်၏ တိုင်တန်းပြောဆိုချက်အား မည်ကဲ့သို့ ပြုလုပ်သင့်သနည်း။

- သင်သည် သင်၏ တိုင်တန်းချက်အား မက်ထရို(မြို့ပြဆိုင်ရာ) ဌာနသို့ လူကိုယ်တိုင်သော် လည်းကောင်း၊ စာတိုက်မှ စာဖြင့် ပေးပို့၍ သော်လည်းကောင်း ဆက်သွယ်တိုင်တန်းနိုင်ပါသည်။ မျှတသော အိုးအိမ်စနစ် လိုအပ်ချက်အရ သင်၏ တိုင်တန်းချက်သည်၊ အခင်းဖြစ်ပွားပြီး တနှစ်အတွင်း ဖြစ်ရပါမည်။ ပထမဆုံးလုပ်ရမည့်အရာမှာ၊ သတင်းအချက်အလက် ဖြည့်သွင်းရမည့်ပုံစံအား ဦးစွာ လိုအပ်သည်များ ဖြည့်သွင်းရန်ဖြစ်ပါသည်။ အဆိုပါ ပုံစံအား ကျွန်ုပ်တို့ ဝက်ဘ်ဆိုဒ် (အင်တာနက်စာမျက်နှာ) မှ ဆွဲချ ရယူနိုင်ပါသည်။ သို့မဟုတ်ပါကလည်း၊ အဆိုပါပုံစံကို မြို့ပြဆိုင်ရာ ဌာနတွင် လူကိုယ်တိုင် သွားရောက် တောင်းနိုင်ပါသည်။ သင်၏ တိုင်တန်းချက် ပုံစံ တင်သွင်းပြီးပါက၊ မြို့ပြဆိုင်ရာ ဌာနမှ ဝန်ထမ်းတဦးက သင့်အား လူကိုယ်တိုင် တွေ့ဆုံ မေးမြန်းရန် စီစဉ် ဆောင်ရွက် ပါလိမ့်မည်။
- အဆိုပါ လူကိုယ်တိုင် တွေ့ဆုံမေးမြန်းမှုတွင် မြို့ပြဆိုင်ရာဌာနမှ၊ ဝန်ထမ်းက သင့်အား သင်ရင်ဆိုင်ခဲ့ရသော မတရားခွဲခြားကန့် သတ်ဆက်ဆံခံရမှုအတွက် လိုအပ်သော အချက်အလက်များ မေးမြန်းစုဆောင်း ပါလိမ့်မည်။ ကျိုးကြောင်းခိုင်လုံမှုရှိသော၊ သတင်းအချက်အလက်များကို သင့်ထံမှ တရားဥပဒေအရ ရင်ဆိုင်ရန်အတွက်၊ အနိမ့်ဆုံးအဆင့် ရရှိပါက၊ မြို့ပြဆိုင်ရာ ဌာန ဝန်ထမ်းမှ ပုံမှန် တိုင်တန်းချက် ပုံစံအား အကြမ်းရေးသားပြီး၊ သက်ဆိုင်သည့် (တိုင်တန်းခံရသည့်) ကုမဏ္ဍီ၊ သို့မဟုတ် လူ အားပေးပို့ပါ လိမ့်မည်။ တိုင်တန်းခံရသည့် ကုမဏ္ဍီ၊ သို့မဟုတ် လူမှ အဆိုပါ တိုင်တန်းချက်အား ဆယ်ရက်အတွင်း ဖြေရှင်းမှု တင်သွင်းရန် လိုအပ်ပါသည်။

### ဤအစီအစဉ်များသည်၊ အခြားလူများအပေါ်တွင်ကော အတူတူဘဲလား။ ကျွန်ုပ်အတွက် ရှေ့နေလိုအပ်ပါသလား။

မလိုအပ်ပါ။ ဤအစီအစဉ်များသည် သင်၏ မတရားခွဲခြား ကန့်သတ်ဆက်ဆံခံရခြင်းအတွက်၊ တိုင်တန်းချက်အတွက် အုပ်ချုပ်မှု ဖြစ်စဉ်အရ၊ ဆောင်ရွက်ပေးသော အစီအစဉ်ဖြစ်ပြီး၊ တရားစွဲဆိုခြင်း ဖြစ်စဉ်မဟုတ်ပါ။ သင့်အား ကိုယ်စားပြုရန် လူတဦးတယောက် (သို့မဟုတ်) ရှေ့နေ ငှားရမ်းနိုင်ပါ သည်။ ထိုအချက်ကို၊ ကျွန်တို့ ကြိုဆိုပါသည်။ သို့သော် မလိုအပ်ပါ။ မြို့ပြဆိုင်ရာ ဝန်ထမ်းမှလည်း ရှေ့နေငှားရန်၊ အကြံပေး၊ ကိုယ်စားလှယ်ထားရန် ထောက်ခံလိမ့်မည် မဟုတ်ပါ။ မြို့ပြဆိုင်ရာ ဝန်ထမ်းမှ သမာသမတ်ကျသော တတိယ ပုဂ္ဂိုလ် အဖြစ် တိုင်တန်းချက်နှင့် စုံစမ်းစစ်ဆေးခြင်း၊ ဖြစ်စဉ်အားလုံးတွင် ပါဝင်ဆောင်ရွက်ပါလိမ့်မည်။ ကျွန်ုပ်တို့အား တဘက်ဘက်မှ မစုံစမ်းမစစ်ဆေးမှီ နှင့် စုံစမ်းစစ်ဆေးဖြေရှင်းပြီး ဖြစ်စဉ်များတွင် အကူအညီလိုသည်ဟု ယူဆတောင်းခံလာပါက၊ ကျွန်ုပ်တို့ ကူညီနိုင်ပါသည်။

# မြို့ပြဆိုင်ရာ ဆိုတာဘာလဲ။

ဖိုဝိန်းမြို့နေ လူသားချင်းဆက်ဆံရေး ကော်မီရှင် (သို့မဟုတ်) မြို့ပြဆိုင်ရာဌာနသည်၊ တရားဥပဒေ အား သက်ဝင်အောင် ဆောင်ရွက်ပေးသော အဖွဲ့အစည်းတခု ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် မြို့ပြတွင် နေထိုင်သော မြို့သူမြို့သားများ၏ အခွင့်အရေးဥပဒေများအတွက် ဖိုဝိန်းမြို့တွင် သက်ရောက်မှု ရှိ လာအောင် ဆောင်ရွက်နေပါသည်။ ဤဥပဒေများသည်၊ အိုးအိမ်စနစ်၊ အလုပ်အကိုင်၊ ကျောင်းများ နှင့် အများပြည်သူနှင့် သက်ဆိုင်သော နေရာ၊ ဌာနများတွင်၊ မတရားခွဲခြားကန့်သတ်ဆက်ဆံခံရမှုများ မပြု လုပ်ရန် တားမြစ်ထားပါသည်။

ကျွန်ုပ်တို့သည်၊ ကျွန်ုပ်တို့၏ စုံစမ်းစစ်ဆေးမှုများကို၊ ကြားနေ မျှတစွာ စုံစမ်းစစ်ဆေးရာဖွေပါသည်။ စုံစမ်းစစ်ဆေးရာတွင်လည်း၊ စုံစမ်းစစ်ဆေးခြင်းမတိုင်မှီ၊ စုံစမ်းစစ်ဆေးစဉ်အတောအတွင်း၊ စုံစမ်း စစ်ဆေးပြီး အဆင့်များတွင်လည်း၊ ကျွန်ုပ်တို့သည် ကြားစေ့စပ်ဖြန်ဖြေသူအဖြစ် အထောက်အကူ ပေးပါသည်။ ကျွန်ုပ်တို့၏ စုံစမ်းစစ်ဆေးခြင်းနှင့် ကြားဝင်စေ့စပ်ဖြန်ဖြေခြင်းတို့ ၏ ရည်မှန်းချက်မှာ ဖိုဝိန်းမြို့သူ၊ မြို့သားများအား၊ မတရားခွဲခြား ကန့်သတ်ဆက်ဆံခံရခြင်းမှ အကာအကွယ်ပေးရန်နှင့် မတရားခွဲခြားကန့်သတ် ဆက်ဆံခံရသည်ဆိုသော စွပ်စွဲချက်များအတွက်၊ လမ်းမှန်ရောက်ရှိအောင်၊ စုံစမ်းစစ်ဆေးဖြေရှင်း တည့်မတ်ပေးရန်ဖြစ်ပါသည်။

CITY OF FORT WAYNE
METRO
METROPOLITAN HUMAN RELATIONS COMMISSION

EQUAL HOUSING OPPORTUNITY


မြို့ပြဆိုင်ရာ လူသားချင်း ဆက်ဆံရေး ကော်မီရှင်
2310 Parnell Avenue
Fort Wayne, IN 46805
Phone: (260) 427-1146
Fax: (260) 427-1126
Web: fortwaynemetro.org


ဤထုတ်ပြန်ချက်သည်၊ အမေရိက အိုးအိမ်နှင့်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး ဌာနနှင့် အစုအဖွဲ့ဆိုင်ရာတို့ သဘောတူညီချက်ဖြင့် ရံပုံငွေ ထောက်ပံ့ပေးထားချက်အရ ထုတ်ပြန်ထားသော ထုတ်ပြန်ချက် ဖြစ်ပါသည်။

# မျှတသော အိုးအိမ် စနစ်သည် လူတိုင်းအတွက် အခွင့်အရေး ဖြစ်ပါသည်။



ဤစာစောင်သည်၊ ဖိုဝိန်းတွင် နေထိုင်သော သင့်အခွင့်အရေးများနှင့် တာဝန်ရှိမှုများကို အမေရိကန်အစိုးရနှင့် ဒေသဆိုင်ရာ အာဏာပိုင်များက မည်ကဲ့သို့ ပြဌာန်းထားသည်ကို လမ်းညွှန်ထားသော စာစောင်ဖြစ်ပါသည်။

# မျှတသော အိုးအိမ်စနစ်ဆိုတာ ဘာလဲ။

သင်သည် သင်ရွေးချယ်သော၊ သင်ပေးနိုင်သော မည်သည့် နေရာတွင်မဆို နေထိုင်နိုင်သော အခွင့်အရေး ရှိပါသည်။ ထိုအပြင်၊ သင်သည် ထိုအခွင့်အရေးများ၊ ပျော်ရွှင်မှုများကို သင့်အိမ်နီးနားချင်းများနှင့် သင်ငှားရမ်းနေသော အခန်းပါတ်ဝန်းကျင်တွင် နေထိုင်သော အခြားသူများ အားလုံးနှင့် မျှတစွာ အသုံးပြုသင့်ပါသည်။

## အိုးအိမ်စနစ်နှင့် ခွဲခြားကန့်သတ်ဆက်ဆံခံရခြင်းဆိုတာ ဘာလဲ။

အိုးအိမ်နေထိုင်မှုစနစ်နှင့် ပတ်သက်သော ဆုံးဖြတ်ချက်များ၊ တားမြစ်ကန့်သတ်ချက်များသည်၊ လူတဦးတယောက်၏ လူမျိုး၊ အသားအရောင်၊ သူမွေးဖွားလာခဲ့သော နိုင်ငံ (သို့) ဇာတိ၊ မသန်မစွမ်းမှု နှင့် မိသားစု အခြေအနေများပေါ်တွင် မူတည်၍ ဆုံးဖြတ်ဆက်ဆံပါက၊ ခွဲခြားကန့်သတ်ဆက်ဆံသည်ဟု ခေါ်ဆိုပါသည်။ မျှတသော အိုးအိမ်စနစ်နှင့် ပတ်သက်သော ဥပဒေသည် ဤခွဲခြားဆက်ဆံမှုများကို အကာအကွယ်ပေးရမည့် အတန်းအစားစါရင်းတွင် ထည့်သွင်းရန်ဆုံးဖြတ်ထားပါသည်။ အိုးအိမ်စနစ်နှင့် ပတ်သက်သော ခွဲခြားဆက်ဆံမှုများကို မပြုလုပ်ရန်၊ အမေရိကန် အစိုးရ၊ ပြည်နယ် နှင့် ဒေသဆိုင်ရာ အာဏာပိုင်များက တားမြစ်ထားပါသည်။

## သင်သည် ကျွန်ုပ်ကို အိုးအိမ်နှင့် ပတ်သက်သော ခွဲခြားကန့်သတ်ဆက်ဆံမှုများကို ဥပမာ အချို့ ပေးနိုင်ပါသလား။

မျှတသော အိုးအိမ်စနစ်ဥပဒေမှ အောက်ပါအချက်များကို တရားမဝင်ဟု ပြုလုပ်ထားပါသည်။

- ငှားရမ်းခြင်းနှင့် ရောင်းချခြင်းကို ငြင်းပယ်ခြင်း၊ သို့မဟုတ်၊ ထိုနေရာတွင် တကယ်မရှိသော ပစ္စည်းဥစ္စာတခု (အဆိုပါပစ္စည်းအား တစုံတယောက်က ကာကွယ် သို့မဟုတ် ပိုင်ဆိုင်ထားသည်)ကို၊ တစုံတယောက်အား ရှိသည်ဟု ပြောခြင်း။
- တစုံတယောက်က ကာကွယ်ထားသော ပစ္စည်းဥစ္စာအား၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းများ ပြုလုပ် ရာတွင်၊ ထည့်သွင်းရေးဆွဲထားသော အချက်များ၊ ဖွင့်ဆိုထားသော အခြေအနေများ၊ ကာလများသည်၊ လူတဦးတယောက်အား အကာအကွယ်ပေးရမည့် အတန်းအစားပေါ်တွင် မူတည်၍ ခွဲခြားကန့်သတ်ဆက်ဆံကာ၊ ရေးဆွဲ၊ ပြဌာန်းဖွင့်ဆိုထားခြင်း။
- အသံနှင့်သော်လည်းကောင်း၊ စာဖြင့် ရေးသား၍ သော်လည်းကောင်း၊ ကြေငြာချက်များ ထုတ်ပြန် ရာတွင် အကာအကွယ်ပေးရမည့် လူတဦးတယောက်အပေါ်၏။ အတန်းအစားပေါ်တွင် မူတည်၍၊ ကန့်သတ်ချက်များ၊ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ခွဲခြားကန့်သတ်ဆက်ဆံကာ တမင် ထည့်သွင်း၊ ရေးသား၊ ကြေငြာထားခြင်း။
- အကြောင်းအချက်နှင့် ညီညွတ်သော၊ ထောက်ပံ့မှုကို မသန်မစွမ်းသူတယောက်အား ပေးအပ်ရန် ပျက်ကွက်ခြင်း၊ မသန်မစွမ်းသူ တယောက်အား ငှားရမ်းရာတွင်၊ အကြောင်းအချက်နှင့် ညီညွတ်သော၊ ပစ္စည်းကိရိယာများ၊ အဆိုပါ ငှားရမ်းသူမှ၊ ထည့်သွင်း၊ တပ်ဆင်မှုများ ပြုလုပ်ရန်လိုအပ်လျှင် ငြင်းပယ်ခြင်းနှင့် အဆိုပါ မသန်မစွမ်းသူလိုအပ်သည်များ ရယူသုံးစွဲနိုင်ရန် ပြည့်စုံလုံလောက်သော အခြေအနေများ မရှိခြင်း။
- သင့်တော်သော သက်သေအထောက်အထား အပြည့်အစုံ ပြနိုင်၊ တင်သွင်းနိုင်သော လူ တယောက် (သို့မဟုတ်) တိရိစ္ဆာန် တကောင်၏။ ဝန်ဆောင်မှု (သို့မဟုတ်) အကူအညီကို ငြင်းပယ်ခြင်း။
- လူတဦးတယောက်အား သူ၏။ မသန်မစွမ်းမှုနှင့် ပတ်သက်၍ မေးခွန်းများ မေးမြန်းခြင်း၊ ဥပမာ-သင်မည်ကဲ့သို့ မသန်မစွမ်း အထောက်အပံ့နှင့် အကူအညီများ ဘယ်လို ရသလဲ။ သင်၏။ ဆေးမှတ်တမ်းကို ကျွန်ုပ် ကြည့်လို့ ရမလား။ သင့် တိရိစ္ဆာန်က သင့်အပေါ် ဝန်ဆောင်မှု၊ အကူအညီများနှင့် ပတ်သက်၍၊ သင့်အား ဘာလုပ်ပေးသလဲ။
- အိမ်ငှားအား နှင်ထုတ်ခြင်း၊ သို့မဟုတ် အခြားနည်းဖြင့် အိုးအိမ်အား ငှားရမ်းရန် ငြင်းပယ်ခြင်း များ ပြုလုပ်ရာတွင်၊ ထိုသူသည် ဒေသဆိုင်ရာ အကြမ်းဖက်မှုတွင်  သားကောင်ဖြစ်ခဲ့သည်ဆိုသည့် အချက်ပေါ်တွင် မူတည်၍ ဆုံးဖြတ်ခြင်း။
- မျှတသော အိုးအိမ်စနစ် အခွင့်အရေးများနှင့် ထိုက်သန်သူ (သို့မဟုတ်) ရရှိနေသောသူ (သို့မဟုတ်) မျှတသော အိုးအိမ်စနစ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးများတွင် သက်သေအဖြစ် ပါဝင်နေသောသူအား ခြိမ်းခြောက်ခြင်းနှင့် ဝင်ရောက်စွက်ဖက် နှောင့်ယှက်ခြင်း။

## ပြည်ပမှ ဝင်ရောက်နေထိုင်လူသူ တဦးအား မျှတသော အိုးအိမ်စနစ် ဥပဒေများမှ အကာအကွယ်ပေးပါသလား။

အကာအကွယ်ပေးပါသည်။ မည်သူမဆို၊ သူ၏။ လူဝင်မှုကြီးကြပ်ရေး အခြေအနေနှင့်မသက်ဆိုင်ဘဲ၊ မျှတသော အိုးအိမ်စနစ် ဥပဒေများမှ လူတိုင်းအား အကာအကွယ်ပေးပါသည်။ သူလာခဲ့သော မွေးဖွားရာဇာတိ (နိုင်ငံ)နှင့် ခွဲခြားဆက်ဆံကန့်သတ်ပါက တရားဥပဒေနှင့် မညီညွတ်ပါ။ ထိုအချက်များမှာ သူ၏။ ဇာတိ၊ မျိုးရိုး၊ ယဉ်ကျေးမှုနှင့် ဘာသာစကားတို့ အကျုံးဝင်ပါသည်။ အကယ်၍ သင်သည် အခြားနိုင်ငံမှ လာသူဖြစ်ပါက၊ သင်၏။ အမည်၊ စကားပြောသော လေယူလေသိမ်း တို့သည် သင်၏။ မူလ နေရာ (နိုင်ငံ) နှင့် ဆက်စပ်နေမည်၊ သို့မဟုတ် သင်၏။ ပါဝင်ဆောင်ရွက်မှုတို့သည်၊ ထူးခြားသော အမူအကျင့်၊ ဆောင်ရွက်ချက်များ ဖြစ်နိုင်ပါသည်။

## မည်သည့်ဥပမာများသည်၊ ပြည်ပမှ ပြောင်းရွှေ့နေထိုင်သော သူအပေါ်တွင် တရားမဝင်သော အိုးအိမ်စနစ် ခွဲခြားကန့်သတ်၊ ဆက်ဆံခြင်းများ ဖြစ်စေပါသလဲ။

- အိမ်ရှင်ဖြစ်သူသည် လူတိုင်းအား ငှားရမ်းရာတွင် တောင်းခံသော သက်သေခံ အထောက်အထား စာရွက်စာတမ်းထက် ပိုမို၍ မလိုလားအပ်သော အပို သက်သေခံအထောက်အထား၊ စာရွက်စာတမ်း များ တောင်းခံ၍ မရပါ။ ဥပမာ၊ အိမ်ငှားဖြစ်နိုင်သူတဦးအား၊ မငှားရမ်းမီ၊ ထိုသူ၏။ လူဝင်မှုကြီးကြပ်ရေး (သို့မဟုတ်) အမေရိကန် နိုင်ငံသား အထောက်အထား စာရွက် စာတမ်းများ ပြသရန် စုံစမ်းမေးမြန်းခြင်းသည် ဥပဒေနှင့် မညီညွတ်ခြင်း မဟုတ်ပါ။ သို့သော်လည်း၊ ငှားရမ်းခြင်းအဆင့်အတွက် လက်ခံခြင်း၊ ရွေးချယ်ခြင်းများ ပြုလုပ်ရာတွင်၊ အဆိုပါ သက်သေများ၊ အထောက်အထား စာရွက်စာတမ်းများ တင်သွင်းရန် မေးမြန်းတောင်းဆိုခြင်းသည် တရားဥပဒေနှင့် မညီညွတ်သော ခွဲခြားကန့်သတ်ဆက်ဆံခြင်းပင် ဖြစ်ပါသည်။•
- အချို့ အခန်းများ ငှားရမ်းခြင်း၊ အိမ်နီးနားချင်းများ ရွေးချယ်ရာတွင်၊ မြန်မာနိုင်ငံသား (သို့မဟုတ်) စပိန်စကားပြောသူများကို ပစ်မှတ်ထား၍ နေရာချထားခြင်းသည် တရားဥပဒေနှင့် မညီညွတ်ပါ။
- အချို့အိမ်ငှားများနည်းတူမဟုတ်ဘဲ၊ ထိုသူအားပစ်မှတ်ထား၍ အိမ်ပြင်ဆင်ပေးရန်၊ ငြင်းဆန်ခြင်း (သို့မဟုတ်) အိမ်ပြင်ဆင်ခအား အခြားသူများအား မတောင်းဘဲ၊ ထိုသူကိုမှ တောင်းဆိုခြင်း။
- အကယ်၍ အိမ်ငှားသည်၊ သူ၏။ မတရားခွဲခြားဆက်ဆံခံရမှုအား အမေရိကန် အစိုးရမှ ပြဌာန်းထားသော၊ အိုးအိမ်ဆိုင်ရာ ဥပဒေအလျောက်၊ သတင်းပို့ တိုင်တန်းခြင်းကို ခြိမ်းခြောက်သည့် အနေဖြင့် အဆိုပါ အိမ်ငှားအား၊ အမေရိကန် လူဝင်မှု ကြီးကြပ်ရေး (သို့ အကောက်ခွန်သို့ သတင်းပို့ တိုင်တန်းမည်ဟု ခြိမ်းခြောက်ခြင်းသည် တရားဥပဒေနှင့် မညီညွတ်ပါ။

## မသန်မစွမ်းသော သူဆိုသည်မှာ ဘာလဲ။

အကယ်၍ သင်သော်လည်းကောင်း၊ သင်နှင့်ဆက်စပ်နေသော လူတဦးတယောက်သော်လည်းကောင်း၊  ရုပ်ပိုင်းဆိုင်ရာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာ ယိုယွင်းပျက်စီးပြီး ဘဝနှင့်ပတ်သက်သော အရေးကြီးသည့် လုပ်ဆောင်မှုများကို လုပ်ဆောင်နိုင်မှု မရှိခြင်း၊ လုပ်ဆောင်နိုင်သော အရည်အသွေး၊ ပြည့်စုံလုံလောက်မှု မရှိခြင်း၊ စသည့်အခြေအနေတွင် ရှိလျှင် သင်သည် တရားဥပဒေအရ အကာအကွယ်ပေးခြင်း ခံရမည် ဖြစ်ပါသည်။ မသန်မစွမ်းသော သူဆိုသည်မှာ၊ ရွေ့လျားရာတွင် အခက်အခဲများ ရှိခြင်း၊ အကြားအာရုံတို့တွင် ကန့်သတ်မှုများ ရှိခြင်း၊ အမြင်ဆိုင်ရာ ချို့ယွင်းပျက်စီးခြင်း၊ ကင်ဆာ၊ စိတ်ပိုင်းဆိုင်ရာ ဝေဒနာများ ကာလ တခုထိ ခံစားရခြင်း၊ ဥပမာ၊ စိတ်ဓါတ် ကျဆင်းခြင်း၊ အေအိုင်ဒီအက်စ် အိတ်ဒ်စ် (ကိုယ်ခံအားကျဆင်းမှု ရောဂါ)၊ အိပ်ချ် အိုင်ဗွီ ရောဂါ စသည်တို့ကို ခံစားနေရခြင်း၊ အရက်စွဲခြင်း နှင့် ပြီးခဲ့သော အတိတ်ကာလက မူးယစ်ဆေးဝါး သုံးစွဲခဲ့သူများ၊ စသူတို့ကို ဆိုလိုပါသည်။

## မသန်မစွမ်းသော သူများနှင့် ပတ်သက်၍ အိမ်ရှင်မှ ဆောင်ရွက်ပေးရန် လိုအပ်သော ဖြည့်တင်းဝန်ဆောင်မှုများ

- အိမ်ရှင်မှ အကြောင်းအကျိုးနှင့် ညီညွတ်သော ဖြည့်တင်းဝန်ဆောင်မှုများကို မသန်စွမ်းသူတဦးအား အခြားလူကောင်း အိမ်ငှားများရသော အခွင့်အရေးများနှင့် တန်းတူ လုပ်ဆောင်ပေးရမည် ဖြစ်ပါသည်။ ဥပမာ၊
- အိမ်ငှားရမ်းခြင်း စည်းမျဉ်းစည်းကမ်းတွင်၊ အိမ်မွေးတိရိစ္ဆာန် မထား၍၊ မမွေးရဟူသော စည်းမျဉ်းစည်းကမ်းရှိသော်လည်း၊ မသန်မစွမ်းသူကို အိမ်မွေးတိရိစ္ဆာန် မွေးခွင့် (သို့မဟုတ်) အိမ်မွေးတိရိစ္ဆာန် အဖေါ်ထားခ ွင့်ကိုခွင့်ပြုပေးခြင်း။
- မသန်မစွမ်းသူအတွက် အရံ ကားရပ်နားရန် နေရာများ သတ်မှတ်ပေးခြင်း။
- မသန်မစွမ်းသူအား ပြုစုရန်အတွက် တရားဝင်၊ ပြုစုစောင့်ရှောက်ခွင့်ရှိသူ လာရောက်နေထိုင်ခွင့်၊ ခွင့်ပြုခြင်း။
- မသန်မစွမ်းသူ အိမ်ငှားအား၊ ပို၍ ပြည့်စုံကောင်းမွန်သော နေရာသို့ မည်သည့်အပိုကြေး ပေးဆောင်ရန် မလိုဘဲ ပြောင်းရွှေ့ပေးခြင်း။

## ကျွန်ုပ် (မသန်မစွမ်းသူ)၏။ အိမ် (သို့မဟုတ်) အခန်းအား ကျွန်ုပ်၏။ မသန်မစွမ်းမှုအား အထောက်အကူ ပြုရန်အတွက်၊ ပြုပြင်ဖန်တီးမှုများ ပြုလုပ်နိုင်ပါသလား။

အိမ်ငှားရမ်းပေးသောသူ (သို့မဟုတ်) အိမ်ထောက်ပံ့ပေးသူသည် မသန်မစွမ်းသူ အိမ်ငှားအား၊ အကြောင်းအကျိုးနှင့် လျော်ညီသော ပြုပြင်ဖန်တီးမှုများ ပြုလုပ်နိုင်ရန် ခွင့်ပြုပေးရပါမည်။ သို့သော် အဆိုပါ ကုန်ကျစါးရိတ်များသည်၊ အိမ်ငှားနှင့်သာ သက်ဆိုင်ပါသည်။ ထို့အပြင်၊ အိမ်ငှားရမ်းပေးသောသူ (သို့မဟုတ်) အိမ်ရှင်သည်၊ အိမ်ငှားအား အကယ်၍ ဤအိမ် (သို့မဟုတ်) အခန်းတွင် ဆက်လက် မနေထိုင်တော့ပါက၊ မငှားရမ်းမီ၊ နဂိုမူလ အခြေအနေအတိုင်း ပြန်လည်အပ်နှံရန် မေးမြန်းခွင့်ရှိပါသည်။ အကြောင်းအကျိုးနှင့် ညီညွတ်သော ပြုပြင်ဖန်တီးမှုများမှာ အောက်ပါအချက်များ ပါဝင်ပါသည်။

- တံခါးပေါက်များအား ချဲ့ထွင်ခြင်း၊
- ရေချိုးခန်းတွင် လက်ဆုပ်ကိုင် ကိုင်တွယ်နိုင်မည့် တန်းများ ထည့်သွင်းခြင်း၊
- ရွေ့လျားနိုင်သော လှေကားများ (သို့မဟုတ်) ချောမွေ့သော ပြွန်များ တပ်ဆင်ခြင်း၊

## ကျွန်ုပ်သည် ဒေသဆိုင်ရာ အကြမ်းဖက်မှု၏။ သားကောင်ဖြစ်ပါသည်။ ဤအချက်သည် ကျွန်ုပ်၏။ အိုးအိမ်ရွေးချယ်မှုအပေါ်တွင် မည်ကဲ့သို့ သက်ရောက်ပါသလဲ။

ဒေသဆိုင်ရာ အကြမ်းဖက်မှုမှ လွတ်မြောက်လာသူများအား မျှတသော အိုးအိမ်ဥပဒေနှင့် အမျိုးသမီး များကို အကြမ်းဖက်မှု ဆန့်ကျင်ရေး ဥပဒေ အပါအဝင် အင်ဒီယားနားပြည်နယ်နှင့် ဖိုဝိန်းမြို့တွင် ထုတ်ပြန်ထားသော အမျိုးပေါင်းများစွာသော ဥပဒေများမှ အကာအကွယ် ပေးထားပါသည်။

## မည်ကဲ့သို့သော ဥပမာ များသည် ဒေသဆိုင်ရာ အကြမ်းဖက်ခံရမှုမှ သားကောင်အဖြစ် လွတ်မြောက် လာသူအပေါ် တရားမဝင်သော၊ အိုးအိမ်ခွဲခြား ကန့်သတ်ဆက်ဆံခံရခြင်း ဖြစ်ပါသလဲ။

- အိမ်ငှားရန် ငြင်းပယ်ခြင်း။ အဘယ်ကြောင့်ဆိုသော်၊ အင်္ဂလိပ်စကားပုံတခုက ကိုယ်ထိလက်ရောက် ရိုက်နက်နှိပ်စက်ခံရသော အမျိုး
- သမီးများသည်၊ သူတို့ကို နှိပ်စက်သော အမျိုးသားများထံ အမြဲတမ်းပြန်သွားကြသည် ဟုဖွင့်ဆိုထားပါသည်။ အိမ်ရှင်မှ အဆိုပါ ကိုယ်ထိလက်ရောက် ရိုက်နက် နှိပ်စက်ခံရသော သားကောင်ဖြစ်သူ၊ အိမ်ငှားအား အိမ်မှ နှင်ထုတ်ခြင်း။ အဘယ်ကြောင့် ဆိုသော် အဆိုပါ ကိုယ်ထိလက်ရောက် ရိုက်နက်နှိပ်စက်ခံရသော အိမ်ငှားသည်၊ သူ၏။ အမျိုး
- သားမိတ်ဆွေ (သို့မဟုတ်) ခင်ပွန်းမှ၊ သူ့အား ရိုက်နက် နှိပ်စက်ခြင်း၊ (သို့မဟုတ်) ရိုက်နက်၊ နှိပ်စက်ရန် ခြိမ်းခြောက်ခံရခြင်း အဖြစ်အပျက်များစွာအတွက် ရဲသို့ဖုံးဆက် တိုင်တန်းခြင်း။ အိမ်ရှင်မှ အကြမ်းဖက်ခံရသော သားကောင်ဖြစ်သူ အိမ်ငှားအား နှင်ထုတ်ခြင်း။ အဘယ်ကြောင့်ဆို သော်၊ အဆိုပါ အိမ်ငှား အကြမ်းဖက်ခံရမှုတွင် အသံများဆူညံခြင်းနှင့် ပစ္စည်းများပျက်စီးခြင်း။